နအဖစစ်တပ်တို့ မွန်အမျိုးသားနွေရာသီစာသင်ကျောင်း ပိတ်ပစ်နေ

လွတ်လပ်သောမွန်သတင်းအေဂျင်စီ
မေလ ၂၆ ရက် ၂၀၀၃ ခု

မွန်ပြည်နယ်တောင်ပိုင်း ကုလားဂုတ်ကျွန်းတွင် နွေရာသီ မွန်စာပေ သင်တန်းကျောင်းများကို ၄င်းကျွန်းတွင် အခြေစိုက်သော နအဖစစ်တပ်တို့မှ အမိန့်ဖြင့် ပိတ်ပစ်နေပါသည်။

မွန်အမျိုးသားကျောင်းများကို ပိတ်ပစ်ရန် နအဖတပ်ရင်း ခလရ (၃၁) မှ နှစ်ကြိမ်တိုင်တိုင် လာရောက် အမိန့်ပေးခဲ့သော်လည်း ဒေသခံများက ဆက်လက်သင်ကြားနေဆဲဖြစ်ပါသည်။

လွန်ခဲ့သည့် မေလ ၂၀ ရက်တွင်လည်း ခလရ (၃၁) ဒုတပ်ရင်းမှူး ဗိုလ်မှူးအေးသိန်းက နွေရာသီ မွန်အမျိုးသားကျောင်းပိတ်ပစ်ရန် ကုလားဂုတ်ကျွန်းရွာသားများကို အမိန့်ပေးခဲ့ပါသည်။ သို့သော် ဒေသခံကျောင်း ဆရာများက ဆက်လက်သင်ကြားနေဆဲဖြစ်ပါသည်။

အလားတူ ပြီးခဲ့သည် ဧပြီလ ၂၅ ရက်တွင်လည်း ခလရ (၃၁) ဒုတပ်ရင်းမှူးက ဒေသခံရွာသူ/သားများကို အစည်းအဝေးခေါ်ယူပြီး မွန်အမျိုးသားကျောင်းကို ပိတ်ပစ်ရန် ပထမအကြိမ် အမိန့်ပေးခဲ့ပြီး ဖြစ်ပါသည်။

မိမိတို့ကျွန်းပေါ်တွင် အခြေချနေသောစစ်တပ်တို့မှ လယ်ယာခြံမြေ သိမ်းဆည်းခြင်း၊ လုပ်အားပေး ခေါ်ယူခြင်း၊ မတရားအကောက်အခွန်များကိုလည်းယူဆောင်ခြင်း စသည့် အမျိုးမျိုးသော ဖိနှိပ်မှုကို ကျွန်းပေါ်ရှိ ဒေသခံများက အလူးအလဲ ခံနေရပါသည်။